For Those Seeking The Truth & Dynamic Living

သမ္မာတရားနှင့် ကြွယ်ဝသောအသက်တာရှာဖွေသူအတွက် ခရစ်တော်သည်အောင်နိုင်သူဖြစ်သည်။

# Christ is Victor

# (ခရစ်တော်၌ကြွယ်ဝချမ်းသာခြင်း)

သမ္မာတရားနှင့် ကြွယ်ဝသောအသက်တာရှာဖွေသူအတွက် ခရစ်တော်သည်အောင်နိုင်သူဖြစ်သည်။

၂၀၀၉ခုနှစ် ဇန်နဝါရီလ/ဖေဖော်ဝါရီလ

(ခရစ်တော်၌ကြွယ်ဝချမ်းသာခြင်း)

"ထို့နောက်လူတစ်ယောက်သည် ချဉ်းကပ်၍ ကောင်းမြတ်သောဆရာထာဝရအသက်ကိုရအံ့သော၌ အကျွန်ုပ်သည် အဘယ်ကောင်းမှုကိုပြုရပါမည်နည်းဟု မေးလျှောက်သော်?" (ရှင်မသဲ ၁၉း၁၆)

ငွေရသောသူနှင့် တွေ့ပြီးတဲ့နောက်မှာ ယေရှုကလည်း "ငွေရတတ်သောသူသည် ကောင်းကင်နိုင်ငံတော်သို့ဝင်ခဲ့လျက်ဟု မိန့်တော်မူ၏" (ရှင်မသဲ ၁၉း၂၃)တဖန်ယေရှုကလည်း ကုလားအုပ်သည် အပ်နဖားကို လျှိုလွယ်၏ ငွေရတတ်သောသူသည် ဘုရားသခင်၏ နိုင်တော်သို့ဝင်ခဲ့သည်ဟု မိန့်တော်မူ၏။အမှန်ဆိုသည်ကားကျဉ်းသောတခါးကို ဝင်ကြလော့။ ပျက်စီးခြင်းသို့ရောက်သော လမ်းနှင့်တခါးသည် ကျယ်ဝန်းသည့်ဖြစ်၍ ဝင်သောသူတို့သည် များကြ၏။
ထိုသူတို့သည် ကြားလျှင်အလွန်မိန့်မောတွေဝေခြင်းရှိ၍ ယေရှုသည်လည်း သူတို့ကိုကြည့်ရှု၍ ဤအမှုကို လူမတတ်နိုင်ပေ။ သို့သော်လည်း ဘုရားသခင်သည် ခပ်သိမ်းသောအမှုတို့ကို တတ်နိုင်တော်မူသည်။ ငွေရတတ်သူမူကား ပညတ်ရှိသမျှတို့ကို အကျွန်ုပ်ငယ်သောအရွယ်မှစ၍ စောင့်ရှောက်ပါပြီးဟုလျှောက်ခဲ့သည်။ အမှန်စင်စစ်သူသည် အလွန်ပေါများသောပေးကမ်းခြင်း၌ ပါဝင်တတ်သောသူဖြစ်ပြီး ကိုယ်သီလအကျင့်ကိုလည်း ကျင့်သောသူဖြစ်၏။ ဤသူသည်အထံတော်သို့ပြေး၍ ဒူးထောက်လျက် "ကောင်းမြတ်သောဆရာ"ထာဝရအသက်ကို အမွေခံရအံ့သော၌ အကျွန်ုပ်သည် အဘယ်အမှုကို ပြုရမည်နည်းဟု မေးလျှောက်တော်မူ၏။ ယေရှုကလည်း ဥစ္စာရတတ်သောသူသည် ဘုရားသခင်၏ နိုင်ငံတော်သို့ အလွန်ဝင်ခဲ့လှ၏ဟု မိန့်တော်မူ၏။ တပ်မက်သော ဥစ္စာဓနဧ၏နှလုံးသားသည် စုံစမ်းနှောင့်ယှက်ခြင်းသို့ ရောက်တတ်ရာလွယ်၏။

ဘုရားသခင်သည် နော်နေ့င့်အာဖြဟံသော်ဗင်းတောရပ်တောင်၌ ငါတို့နှင့်ပဋိညာဉ်ပြုတော်မူ၏။ ဘုရားသခင့်ပဋိညာဉ်၏ အဓိကအချက်သည် "သင်နှင့်တကွသင်၏မိသားစု" "သင်နှင့်တကွသင်၏အမျိုးအနွယ်အစဉ်အဆက်"သင်နှင့်တကွ သင်၏ကလေးသူငယ်များဖြစ်သည်။ ပဋိညာဉ်တွင်ထာဝရာဘုရားနှင့် မိသားစုတို့နှစ်ဦး စပ်ကြား၌ ထူးခြားသောဆက်ဆံမှုကို စီမံပြင်ဆင်ထားရှိခဲ့ပါသည်။ ယောရှုမိန့်တော်မူသည်ကား "ငါနှင့်ငါ့အိမ်သားဖြစ်လျှင် ထာဝရာဘုရားကိုသာ ဝတ်ပြုမည်ဟု"ဆိုလေသည် (ယောရှု ၂၄း၁၅)
ဘုရားသခင်၏ ဂတိတော်များ မိဘများအားလက်ခံရရှိခြင်း၌ ကလေးသူငယ်တို့၏ အကျင့်စရိုက်နှင့် ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှု၏အဓိကအကြောင်းဖြစ်သည်။ မိသားစု၏ခေါင်းဆောင်ဖြစ်သောသခင်သည် ဘာသာရေးဆိုင်ရာစောင့်ရှောက်ရမည့်ထုံးတမ်းများနှင့် ယဇ်ပူးဇော်ခြင်းအမှုကိုလည်း အောင်ပြုခဲ့ကြရသည်။ စနစ်တကျသော မိသားစုတို့လိုအပ်မှုကို ယောရှုသည် အလေးအနက်ထားသည့်အပြင် တာဝန်ကိုယ်စီချမှတ်ပေးခဲ့သည်။

**“သင့်ကိုယ်ကိုအလေးအနက်ထားခြင်း ”**

ယောရှုကိုယ်မိန့်တော်မူသည်မှာ “ငါနှင့်ငါ့အိမ်သား”တိကျသန်မာစွာမဖော်ပြနိုင်ပေမဲ့ပထမဆုံးလိုအပ်သည့်အရာသည် ကိုယ်ကိုအလေးအနက်ထားခြင်းသာဖြစ်သည်။

မိဘတို့သည် ကိုယ်သားသမီးများနှင့် ပေါင်းသင်းဆက်ဆံခြင်း၊အတူအကွဆုတောင်းခြင်း၊ ဝတ်ပြုခြင်းနှင့် ဘုရားသခင်၏ အလိုတော်နှင့် ညီသောဆုံးမသွန်သင်ခြင်းကိုပြုလျက် ကျွေးမွေးရမည်ဖြစ်သည်။

မိဘများသည် သားသမီးများဘုရားသခင်ကောင်းကြီးပေးခြင်း၌ဒါဝိဒ်ကဲ့သို့ ဆုတောင်းဖို့လိုသည်။ သို့ဖြစ်၍ကိုယ်တော်ကျွန်ုပ်၏အမျိုးအနွယ်သည်ရှေ့တော်၌ အစဉ်အမြဲတည်ပါမည်ဖြစ်ကြောင်း ကောင်းကြီးပေးခြင်း ၌နှုးညွှတ်သောစိတ်ရှိတော်မူပါ။ အိုထာဝရဘုရားကိုယ်တော်သည် ကောင်းကြီးပေးတော်မူလျှင် ကောင်းကြီးမင်္ဂလာကို အစဉ်အမြဲခံရပါလိမ့်မည်ဟု ဒါဝိဒ်ဆုတောင်းသတည်း ”(ရာဇဝင်ပထမစောင် ၁၇း၂၇) ငါသည်ထာဝရဘုရားကိုသာ ဝတ်ပြုမည်ဟုဆိုလေ၏။

**“သင်၏မိသားစုအလေးအနက်ထားခြင်း”**

ယနေ့ဦးတည်ချက်ကိုရွေးကြလော“ငါနှင့်ငါ့အိမ်သားဖြစ်လျှင် ထာဝရဘုရားကိုသာ ဝတ်ပြုမည်ဟုဆိုလေ၏”

အချို့သောခရစ်ယာန်မိဘများက သူတို့၏ လုပ်ငန်းတာဝန်၊ အခွင့်အရေးများနားမလည်ကြပေ။ ခရစ်ယာန်မိဘများသည် ဘာသာရေးဆိုင်ရာ စောင့်ရှောက်ရမည့်ထုံးတမ်းများကို ကိုယ့်သားသမီးများဆီသို့ နေ့စဉ်နေ့တိုင်း သွန်သင်ရမည့်ဖြစ်သည်။

ဂလစ်ဘရာက သားသမီးများ ဘုရားသခင်၏ အလိုတော်နှင့်အညီ မိဘစကားကို နားထောင်ဖို့အကြောင်း၊ မိဘစကားကိုနားထောင်ခြင်းအမှုသည် တရားသောအမှုဖြစ်သည့်အကြောင်း၊ မိဘကိုနာခံရှိသေသောသားသမီးများပြည်တော်၌ ကောင်းစား၍အသက်တာရှည်မည့်အကြောင်းနှင့် နာမခံသောသားသမီးများ သမာတရားနှင့် ဆုံးမမည့်အကြောင်းများကို ကျွန်တော်လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများဆီသို့ ပြောခဲ့သည်ဟု ဘီလိဂဟာမ်က ပြောခဲ့သည်။

သားသမီးများအပေါ် ချစ်ခြင်းမေတ္တာနှင့် ပြည့်သောမိဘများက ဂလစ်ဒီလီမာကိုသိမှာပါ။ သူဆက်လက်ပြောဆိုခဲ့သည်မှာ . . . . . . . . . .တစ်နေ့၌ငယ်ရွယ်သော“ဘော်ဘီနှင့်ဘေသီးဂုသ”ကို အခန်းထဲသို့ခေါ်ခဲ့ပါသည်။ ကျွန်တော်ခါပတ်၊ အင်္ကျီနှင့် ဘောင်းဘီများကို ချွတ်ခိုင်းပြီး ကုတင်ပေါ်မှာ ဒူးထောက်ခိုင်းသည်။ နောက်(၁၀)ကြိမ်စီကျွန်ုပ်ကိုသားရေးပြားနှင့် ပတ်ဖို့ပြန်ခိုင်းခိုင်းခဲ့သည်။ဒါပေမဲ့ သူတို့နာမခံသောစိတ်ရှိ၍မလုပ်ချင်ကြပါ။ ဒါကြောင့်သူတို့နာမခံ၍ အပြစ်ရှိသောကြောင့် ပြစ်ဒဏ်ပေးဖို့ပြောခဲ့သည်မှာ သူတို့ငိုရှိုက်ပြီးကျွန်ုပ်ပြောသည့်အတိုင်း ပြန်လုပ်ခဲ့ကြပါသည်။

ထို့ကြောင့် တယောက်သောသူ၏ ပြစ်မှားခြင်းအားဖြင့် လူအပေါင်းတို့သည် အပြစ်စီရင်ခြင်းနှင့် တွေ့ကြုံရကြသည် နည်းတူတစ်ယောက်သောသူ၏ ဖြောင့်မတ်ခြင်းအားဖြင့် လူအပေါင်းတို့သည် အသက်ယှဉ်သောဖြောင့်မတ်ရာသို့ ရောက်ခြင်းအခွင့်ကို ရကြ၏။ ထိုသို့ဖြစ်လျှင်အပြစ်တရားသည် သေခြင်းအားဖြင့်အစိုးရသည် ထာဝရအသက်နှင့် ယှဉ်သောဖြောင့်မတ်ရာသို့ သွင်းခြင်းအားဖြင့် အစိုးရလေသည်။ ထို့ကြောင့် ခရစ်တော်သည် ကားတိုင်ပေါ်၌ အသေသတ်ခြင်းခံရသည်။ ဘီလိဂရဟာမ်

## “ဝိညာဉ်ပကတိ၌မွေးဖွားခြင်း”

“ခရစ်တော်၏ဝိညာဉ်ကိုမရသောသူမည်သည်ကားခရစ်နှင့် မဆိုင်” (ရောမ ၈း၉)

မြို့တစ်မြို့၌ ကျော်ကြားသောလူကြီးလူကောင်းတစ်ဦး၏ ဇနီးသည်ဟောဟန်စီကာ၏ တရားဟောချက်ကိုကြားနာခဲ့ပါသည်။ သူမ၏တရားဒေသနာကြားနာခြင်းအားဖြင့် ဘုရားသခင်သည် သူမ၏နှလုံးသား၌ စကားပြောခဲ့သည်။ သူမပြောသည်မှာ ဟောဟန်စီကာ၏ဒုတိယမွေးဖွားခြင်း အကြောင်းဟောချက်သည် မှန်သည်ဖြစ်လျှင် ကျွန်မတို့လင်မယားသည် ထာဝရအသက်ကို မရရှိနိုင်ပါ။ အကြောင်းမူကား ဤလင်မယားနှစ်ယောက်သည် လောကစည်းစိမ်မတ်သောသူဖြစ်ကြ၏။ ပေတရုက “အကျွန်ုပ်တို့သည် ရှိသမျှကိုစွန့်ပစ်၍ ကိုယ်တော်နောက်သို့လိုက်ကြပါပြီ”ဟုလျှောက်လေ၏ (ရှင်မသဲ ၁၉း၂၇)

ကျွန်ုပ်တို့သည် အပြစ်၌ သေနေသောသူများဖြစ်၍ ဒုတိယအကြိမ်မွေးဖွားခြင်းသည် လိုအပ်သည်။ ဒုတိယအကြိမ်မွေးဖွားခြင်းသည် သန့်ရှင်းသောဝိဉာဉ်တော်ဘုရား ဆောင်ရွက်သောအမှုတခုဖြစ်သည်။ သခင်ယေရှုကိုယုံကြည်သည့်အခါ ဝိညာဉ်ရေးပြန်လည်မွေးဖွားခြင်းဖြစ်ပေါ်လာပြီး ခရစ်တော်အားဖြင့် ကယ်တင်ခြင်းကိုလည်းကောင်း၊ ဝိဉာဉ်တော်အားဖြင့် အသက်တာသစ်ကိုလည်းကောင်း၊ ထာဝရအသက်စိတ်ချမှုကိုလည်းကောင်း၊ အပြစ်ရှိသောအသက်တာဟောင်းအပေါ် အောင်မြင်မှုကိုလည်းကောင်း ရရှိလာသည်။ ထိုသို့ရရှိခြင်းသည် ဘုရားရှင်၏ အသစ်ဖန်ဆင်းတော်မူခြင်းခံရ၍ မှန်သောအရာများကိုသာလုပ်ဆောင်ရန်နှင့် စာတန်နှင့်သူ၏ နောက်လိုက်များ၏ တိုက်ခိုက်ခြင်းမှလုံ ခြုံမှုရရှိစေရန်အတွက်ဖြစ်သည်။ ထို့ကြောင့် ယေရှုခရစ်အားဖြင့် ဘုရားသခင်သည် အထက်အရပ်မှ ခေါ်တော်မမူခြင်းနှင့် ဆိုင်သောဆုကိုရရှိခြင်း၌ပန်းတုံးတိုင်သို့ လိုက်ပြေးကြပါစို့။

– ယောရှုဒံယေလ

## “အမှန်တကယ်စမ်းစစ်ခြင်း”

“ကြွင်းသေးသောစကားဟူမူကား၊ညီအစ်ကိုတို့ သမ္မာတရားနှင့် ဆိုင်သောအကျင့်၊ လျှောက်ပတ်သောအကျင့်၊ ဖြောင့်မတ်သောအကျင့်၊ စင်ကြယ်သောအကျင့်၊ သူတပါးနှင့် သက်ဘွယ်သောအကျင့်၊ ချီးမွမ်းဘွယ်သောအကျင့်ရှိသမျှတို့ကို ၎င်း၊ ပါရမီတပါးပါးကောင်းသောသိတင်းတပါးပါးနှင့်ဆိုင်သောအကျင့်တို့ကိုငင်းနှလုံးသွင်းကြလော့” (ဖိလိပ္ပိ ၄း၈)

This newsletter is produced six times per year by the Laymen's Evangelical Fellowship International. It is printed and distributed in the US, UK, Germany, Singapore, Canada, and Australia and is supported by unsolicited sacrificial gifts of young people. For a free subscription or for other enquiries, please contact any of the addresses below.

This Fellowship is an inter-denominational missionary and prayer group working for revival in churches and amongst students in several countries. We invite every layperson to become God's ally in changing his or her corner of the world. We train people in evangelistic work and to be self-supporting missionaries.


❒ USA: P.O. Box 14, South Lyon, MI 48178, Phone – (248) 446-3080
❒ CANADA: P.O. Box 31002, Windsor, Ontario N9G 2Y2, Phone– (519) 966-4603

❒ SINGAPORE: P.O. Box 320 PSA Building Post Office, Singapore 91114.Phone – (65) 63562724 (Sam)

❒ MALAYSIA: P.O.Box 236, Jalan Kelang Lama, 58700 Kuala Lumpur West Malaysia, Phone – 019-3260727
or Wisdom Hall, 37 Persiaran Shahbandar, Taman Tambahan Krian VI, 34200 Parit Bundar, Perak, Phone – (05) 7164100 T.K. Ong

❒ AUSTRALIA: P.O. Box 24 Tuart Hill, Perth, West Australia 6939 Phone – 09.345-3739

❒ GREAT BRITAIN: P.O. Box 737 London SW2 4XT, Phone – 020-8677-6909

❒ IRELAND: P.O. Box 18 Cavan Co. Cavan

❒ INDIA: 9B Nungambakkam High Rd. Chennai 600034, Phone-044-2827 2393

❒ INTERNET: http://lefi.org

❒ EMAIL: post@lefi.org


# PLEASE PASS THIS ON TO A FRIEND